# ကဝိလက္ခဏာ
# ဗုဒ္ဓဝင်ဆိုင်ရာသံပေါက်များအဖွင့်

ပါရဂူ(PhD)ဘွဲ့အတွက် တင်သွင်းသောကျမ်း

ဒေါ်ခင်စန်း

မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်

၂၀၀၆ခုနှစ်၊ ဧပြီလ

# ကျမ်းအကျဉ်းချုပ်

ဤကျမ်းသည် ကုန်းဘောင်ခေတ်တွင် ပေါ်ပေါက်သော စိန္တကျော်သူဘွဲ့ခံ ဦးသြရေးသားသည့် ကဝိလက္ခဏာ သတ်ပုံကျမ်းမှ ဇုဒ္ဓဝင်ဆိုင်ရာ သတ်ပုံသံပေါက် (၇၆) ပုဒ်၏ အနက်အဓိပ္ပါယ်များကို ဖွင့်ဆိုရှင်းပြသော အဖွင့်ကျမ်းဖြစ်သည်။

ဇုဒ္ဓဝင်ဟူသည် ဘုရားရှင်တို့၏ ဖြစ်တော်စဉ်တည်း။ ထို့ကြောင့် ဘဒ္ဒကမ္ဘာတွင် ပွင့်တော်မူသော ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမနှင့် အရိမေတ္တေယျ ဘုရားတို့၏ အကြောင်းဖော်ပြရေးသားသောဇုဒ္ဓနှင့်ပတ်သက်သောအကြောင်းများကို ရှာဖွေဖော်ထုတ်လေ့လာပါသည်။ ဦးသြစပ်ဆိုထားသည့် သတ်ပုံသံပေါက် (၁၇၉၃) ပုဒ်မှ ဇုဒ္ဓဝင်နှင့်ပတ်သက်သည့် သံပေါက်များကို ရှာဖွေဖော်ထုတ်သောအခါ ကာရန်မျိုးစုံနှင့်စပ်ထားသော ဇုဒ္ဓဝင်သံပေါက် (၇၆)ပုဒ်ကို တွေ့ရ ပါသည်။

ယင်းသံပေါက် (၇၆) ပုဒ်တွင် ဘဒ္ဒကမ္ဘာတွင် ပွင့်တော်မူသည့် ဘုရားဘွဲ့သံပေါက် (၄)ပုဒ်၊ ဂေါတမ မြတ်စွာဘုရား၏ ဂုဏ်တော်ကိုဖွဲ့ဆိုသော သံပေါက်(၃)ပုဒ်၊ ဂေါတမဘုရား၏ ဘုန်းတန်ခိုးတော်ဘွဲ့သံပေါက်(၁၃)ပုဒ်၊ ဂေါတမဘုရား၏ဗျာဒိတ်တော်ဘွဲ့ (၆)ပုဒ်၊ ဂေါတမဘုရား၏ ရုပနိကာယ်ဘွဲ့(၁၂)ပုဒ်၊ ဂေါတမဘုရား၏ ဝိနည်းတော်များ(၁၇)ပုဒ်၊ ဂေါတမဘုရားလက်ထက် ဧတဒဂ်ရ သာဝကထေရ၊ ထေရီဘွဲ့များ (၁၀)ပုဒ်၊ ဂေါတမဘုရားသီတင်းသုံးတော်မူရာ ကျောင်းတော်ဘွဲ့(၈)ပုဒ်နှင့် ဂေါတမဘုရားလက်ထက် အထွေထွေဘွဲ့ သံပေါက်(၃)ပုဒ်၊ စုစုပေါင်း(၇၆)ပုဒ်ကို လေ့လာ၍ အဖွင့်ကျမ်းအဖြစ် ပြုစုတင်ပြပါသည်။

အဖွင့်ကျမ်းဖြစ်သည့်အတွက် ယင်းသတ်ပုံသံပေါက်များတွင် အသုံးပြုထားသော ဝေါဟာရတို့၏ အနက်ကိုဖော်ထုတ်ဖွင့်ဆိုရာတွင် ပါဠိ၊ မွန်၊ မြန်မာ၊ အင်္ဂလိပ် အဘိဓာန်များမှပေးသော အဓိပ္ပါယ် ဟူသမျှကို ကူးယူဖော်ပြခြင်းမပြုပါ။ ယင်းသံပေါက်တွင် ဖွင့်ဆိုထားသည့်နှင့်အပ်စပ်သော အနက်အဓိပ္ပါယ်ကိုသာ  အဘိဓာန်မှ ထုတ်နုတ်၍ ဖော်ပြပါသည်။ သို့မှသာ ဤသံပေါက် အတွက်မှန်ကန် သောအဓိပ္ပါယ် ဖွင့်ဆိုချက်ကို ဖော်ထုတ်နိုင်မည်ဟု ယူဆပါသည်။

သံပေါက်ပါ ဝေါဟာရများကို အနက်ဖွင့်ပြီးမှ ယင်းသံပေါက်ပါ အဓိပ္ပါယ်အကျယ်ကို ဆက်စပ်၍ဖွင့်ဆို ရှင်းပြပါသည်။ ယင်းသို့ဖွင့်ဆိုရာတွင် မင်စာ၊ ပါဠိတော်၊ ဋီကာ၊ ဒီပနီ၊ ရာဇဝင်၊ ပျို့၊ ဧချင်း၊ မော်ကွန်း၊ ရတုနှင့်ကဗျာလင်္ကာများမှ သံပေါက်ပါအကြောင်းအရာနှင့် ဆက်စပ်ပတ်သက်ချက်များကို အကိုးအထောက်၊ အခိုင်အမာယူ၍တင်ပြပါသည်။ ယင်းသံပေါက်များလေ့လာ ၍ရရှိသော အကျိုးကျေးဇူးများကို ကောက်ချက်ချ၍သုံးသပ်တင်ပြပါသည်။

ဦးသြ၏ရည်ရွယ်ရင်းအနက် အဓိပ္ပါယ် စေ့စေ့စုံစုံသိမြင်နိုင်ရန် အဖက်ဖက်မှမလစ်ဟင်းမကျန်ရစ်စေရန် ကြိုးစား၍ လေ့လာအားထုတ်တင်ပြထားပါသည်။

သို့ဖြစ်ပါ၍ ဤကျမ်းသည် မြန်မာစာပေနယ်ပယ်ကျယ်ပြန့်ရေးအတွက် အဖွင့်ကျမ်းတစ်စောင်အနေဖြင့် တစ်စုံတစ်ခုသော အတိုင်းအတာအထိ အထောက်အကူပြုနိုင် လိမ့်မည်ဟု ယုံကြည်ပါသည်။